# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
# (၂၈)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
## (၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ၂၀၁၆ ခုနှစ်၊ မေလ ၁၇ ရက် ရက်စွဲပါကြေညာချက်အမှတ်(၈/၂၀၁၆)အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦး အစားထိုးပြောင်းလဲထားတာရှိပါတယ်။ ဒါကြောင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦးအနေနဲ့ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုရမယ့် ကိုယ်စားလှယ်များ မိမိရဲ့စားပွဲပေါ်ရှိ ကတိသစ္စာပြုလွှာများကို ယူဆောင်ပြီး စင်မြင့်ရှေ့သတ်မှတ်ထားတဲ့နေရာမှာ နေရာယူပေးရန် ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကို တိုင်ပေးတဲ့အခါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦးက လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ဖြစ်ပါ တယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကတိသစ္စာပြုချက်-

[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သားကိုယ်စားလှယ် သုံးဦးက ကတိသစ္စာပြုပါသည်။]

"ကျွန်ုပ် -------------- သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။ ယခု ကတိသစ္စာပြုပြီးတဲ့ ကိုယ်စားလှယ်သုံးဦးဟာ မိမိတို့အတွက် သတ်မှတ်ထားတဲ့နေရာသို့ ပြန်လည်နေရာယူကြရန်နှင့် ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုလွှာပေါ်၌ မိမိရဲ့အမည်၊

ရာထူးကိုရေးသားလက်မှတ်ရေးထိုး၍ အစည်းအဝေးပြီးတဲ့အခါမှာ ပြည်သူ့လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာကို အပ်နှံရန်ဖြစ်ပါတယ်။ ပြန်လည်ထွက်ခွာနိုင်ပါပြီ။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၆ ဦးရှိတဲ့အနက် ၄၁၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၆.၂၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၈-၅-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသော လွှတ်တော် ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော်လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၆ ဦး ရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၁၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦး ရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁၄ ရက်၊

(၂) ရမ်းပြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ ခွင့် ၁ ရက်၊

(၃) အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်သင်း ခွင့် ၁ ရက်၊

(၄) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ် ခွင့် ၃ ရက်နှင့်

(၅) ဖာပွန်မဲဆန္ဒနယ်မှ ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ဒါကြောင့်မို့လို့ ယခင် ခွင့်ပန်ကြားထားသူ ၁၁ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦး စုစုပေါင်း ခွင့်ပန်ကြားထားသူ ၁၆ ဦးတို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၁ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြန်မာနိုင်ငံသည် အခမဲ့မူလတန်းပညာရေးစနစ်ကို စတင်ကျင့်သုံးနေပြီဖြစ်ရာ ကလေးငယ်များ၏ ပညာရေးတိုးတက်အောင် ဆရာဆရာမများ အားသွန်ခွန်စိုက်ဆောင်ရွက်နိုင်ရန် ဘုန်းတော်ကြီးသင် ပညာရေးဆရာဆရာမများ၏ လစာကို အစိုးရမူလတန်းဆရာဆရာမများနည်းတူတိုးမြှင့်ပေးဆောင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စလင်းမဲဆန္ဒနယ်မှ ဦးကံဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကံဦး(စလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ ဧည့်သည်တော်များ အားလုံး ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံသည် အခမဲ့မူလတန်းပညာရေးစနစ်ကို စတင်ကျင့်သုံးနေပြီဖြစ်ပါတယ်။ ထို့ပြင် ဘ/ကပညာရေးစနစ်ဖြင့်လည်း တွဲဖက်သင်နေရပါတယ်။ ဘ/ကပညာရေးစနစ်ကို သင်ရခြင်းရဲ့အကြောင်းကတော့ (၁) ကျောင်းအဆောက်အဦများ ပြည့်စုံစွာဆောက်လုပ်မပေးနိုင်ခြင်း၊ (၂) သင်ကြားအထောက်အကူပစ္စည်းများ မပံ့ပိုးနိုင်ခြင်း၊ (၃) ဆရာဆရာမများလုံလောက်စွာ မခန့်ထားနိုင်ခြင်းတို့ကြောင့် ဘ/ကပညာရေးစနစ်ဖြင့် တွဲဖက်သင်ကြားနေရခြင်းဖြစ်ပါတယ်။ ဘ/က ဆရာဆရာမများ၏လစာမှာလည်းပဲ ပျမ်းမျှခြင်းအားဖြင့် ၃၀၀၀၀ ကျပ်မျှသာဖြစ်၍ ဆရာဆရာမများ စားဝတ်နေရေးအတွက် အခြားစီးပွားရေးလုပ်ငန်းများ တွဲဖက်လုပ်နေကြရခြင်းဖြစ်ပါသည်။ ပညာသင်ကြားပို့ချခြင်းလုပ်ငန်းမှာလည်းပဲ အလွန်အားနည်းနေကြပါတယ်။

သို့ဖြစ်ပါ၍ ကလေးငယ်များ၏ ပညာရေးတိုးတက်အောင် ဆရာဆရာမများဟာ အားသွန်ခွန်စိုက်လုပ်နိုင်ရန်အတွက် (၁) ဘ/ကဆရာဆရာမများ၏လစာကို အစိုးရမူလတန်းဆရာဆရာမများ နည်းတူ တိုးမြှင့်ပေးဆောင်နိုင်မှုအစီအစဉ်ရှိ/မရှိ၊ (၂) ဘ/ကဆရာဆရာမများကို တရားဝင်အစိုးရ မူလတန်းဆရာဆရာမများအဖြစ် ခန့်ထားပေးနိုင်မှုအစီအစဉ်ရှိ/မရှိနှင့် (၃) ကျောင်းသားကျောင်းသူ ၅၀ ထက်ပိုသော ဘ/ကကျောင်းများကို တရားဝင် အစိုးရမူလတန်းကျောင်းများအဆင့်သို့ တိုးမြှင့်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိကို သိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်ခင်ဗျား။

ဦးတင့်ဆွေ။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘုန်းတော်ကြီးသင်ပညာရေးလုပ်ငန်း စတင် အကောင်အထည်ဖော်ခဲ့စဉ်က အစိုးရပညာကျောင်းများနှင့် ယှဉ်ပြိုင်မှုမဖြစ်စေဖို့ အစိုးကျောင်း မရှိသောကျေးရွာများမှာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီးတော့ အတန်းကျောင်းပညာရေးကို မသင်ကြား နိုင်သောကလေးငယ်များ ပညာသင်ကြားနိုင်ဖို့အတွက် အဓိကထားဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်။ ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများအားလုံးဟာ သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများ၏ ဦးဆောင်စီမံပံ့ပိုးမှု၊ အလှူရှင်များရဲ့ စေတနာနဲ့ ထည့်ဝင်လှူဒါန်းမှု၊ ထောက်ပံ့မှုတို့အပေါ် မူတည်ပြီးမှ ရပ်တည်ခဲ့ကြရခြင်းဖြစ်ပါတယ်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှာရှိတဲ့ ဆရာဆရာမများကို လစာ၊ ထောက်ပံ့ကြေး တစ်စုံတစ်ရာ ပေးဆောင်နိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ သို့သော်လည်းပဲ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုရဲ့ စီမံကိန်းနှင့်ဘတ်ဂျက်လုပ်ငန်းများကို စိစစ်တဲ့အခါမှာ စိစစ်ဖြတ်တောက်လို့ပိုလျှံငွေအချို့ ထွက်ပေါ်လာပါတယ်။ အဲဒီ ပိုလျှံငွေတွေကနေပြီးမှ ကျပ် ၃ ဘီလီယံကို ခုနက ဘ/ကကျောင်းဆရာဆရာမများကို လစာငွေ မဟုတ်ပါဘူး။ ထောက်ပံ့ချီးမြှင့်ငွေအဖြစ်နဲ့ ထောက်ပံ့ပေးဖို့အတွက်ကို လွှတ်တော်နာယကကြီးထံ ကျွန်တော်ပဲ တင်ပြတောင်းခံခဲ့တာဖြစ်တာမို့လို့ အဲဒီကစပြီးတော့ ထောက်ပံ့ငွေရရှိခဲ့ပါတယ်။ အဲဒီအခါမှာ ခုနက မူလတန်းပြဆရာတစ်ယောက်ဆိုရင် ထောက်ပံ့ကြေး ကျပ် ၃၆၀၀၀၊ အလယ်တန်းပြအတွက် ကျပ် ၄၁၀၀၀၊ အထက်တန်းပြအတွက် ကျပ် ၄၅၀၀၀ နှုန်းနဲ့ ထောက်ပံ့နိုင်ခဲ့ပါတယ်။ ခုနက ကျွန်တော်တို့ ၂၈-၃-၂၀၁၆ ရက်နေ့အထိ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့ အပါအဝင် ပြန်ကြည့်တဲ့အခါမှာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ နောက် တွဲဖက်အထက်တန်းကျောင်း နှစ် ကျောင်း၊ အလယ်တန်း ၁၀၅ ကျောင်း၊ မူလတန်းလွန် ၅၀၀ ကျောင်း၊ မူလတန်း ၉၆၁ ကျောင်း စုစုပေါင်း ၁၅၆၈ ကျောင်း ရှိပြီးတော့မှ ကျောင်းသားကျောင်းသူပေါင်း ၃၀၁၂၀၉ ဦး သင်ကြားလျက်ရှိပါတယ်။ အဲဒီမှာ အထက်တန်းသင်ဆရာဆရာမ ၁၅၄ ဦး၊ အလယ်တန်းသင်ဆရာဆရာမ ၆၅၂ ဦး၊ မူလတန်းလွန်ဆရာဆရာမ ၁၂၆၉ ဦး၊ မူလတန်းသင်ဆရာဆရာမ ၅၆၉၅ ဦး စုစုပေါင်း ဆရာဆရာမ ၇၇၇၀ ဦးက ပညာသင်ကြားပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ဆရာဆရာမများသည် စေတနာ၊ ဝါသနာအရ ပရဟိတစိတ်ဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ကြရတဲ့ ပညာအရည်အချင်း အမျိုးမျိုး၊ အသက်အရွယ်အမျိုးမျိုးရှိကြတဲ့ သူများဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ခ) မှာ အဓိပ္ပာယ်ဖွင့်ဆိုထားတာကတော့ ဝန်ထမ်းဖွဲ့စည်းပုံဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားတဲ့ ဝန်ထမ်းအဖွဲ့ အစည်းများ၏ ဖွဲ့စည်းပုံကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ကြိုတင်ညှိနှိုင်း၍ဖွဲ့စည်းထားသော ဝန်ထမ်းအဖွဲ့အစည်း၏ ဖွဲ့စည်းပုံကိုလည်းကောင်း ဆိုသည်လို့ ဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာဆရာမ အများစုမှာ ဘွဲ့ရသူများ ရှိသလို၊ ဘွဲ့မရသေးသူများလည်း ရှိနေကြပါတယ်။ အချို့ဒေသများမှာ လိုအပ်ချက်အရ (၈) တန်း၊ (၉) တန်း၊ (၁၀) တန်းထိ နေဖူးတဲ့သူများကိုပင် ဆရာဆရာမအဖြစ်နဲ့ ခန့်ထားတာဝန်ပေးရတာရှိပါတယ်။ အချို့ဒေသများမှာ အငြိမ်းစားဆရာဆရာမကြီးများကို ပြန်လည်ပြီးမှ တာဝန်ပေးအပ်ခြင်းလည်း ရှိပါ တယ်။ ဒါကြောင့်မို့လို့ ခုနက ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှာရှိတဲ့ ဆရာဆရာမများရဲ့ အနေ အထားသည် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၂ အရ နိုင်ငံ့ဝန်ထမ်းများခံစားခွင့်ရှိတဲ့ လစာ၊ ထောက်ပံ့ ကြေး၊ ခရီးစရိတ်များ ကျွန်တော်တို့ ထောက်ပံ့ပေးဖို့အတွက် အခက်အခဲများစွာရှိပါတယ်။ ဥပဒေနဲ့ ကိုက်ညီမှုမရှိကြောင်းလည်း တင်ပြလိုပါတယ်။ သို့သော်လည်း နိုင်ငံတစ်ဝှမ်းမှာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှာ ကျောင်းသား သုံးသိန်းကျော် ပညာသင်ကြားလျက်ရှိပြီးတော့ ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများသည် နိုင်ငံတော်၏ ပညာရေးကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူ ပြုလျက်ရှိပြီးတော့မှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဖွင့်လှစ်နိုင်ဖို့အတွက်ကို နိုင်ငံတော်က မြေ၊ အဆောက်အဦး၊ စာသင်ခန်း၊ သင်ထောက်ကူပစ္စည်းများနှင့် ဆရာဆရာမများ ထောက်ပံ့ခန့်အပ်ပေး ရန်မလိုဘဲနဲ့ ဆင်းရဲနွမ်းပါးတဲ့ ကလေးငယ်များကို ပညာသင်ကြားပေးနေတဲ့ ကျောင်းများဖြစ်ခြင်းတို့ ကြောင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာဆရာမများကို သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကစပြီးတော့မှ လက်ရှိထောက်ပံ့ပေးနေတဲ့ ထောက်ပံ့ ငွေရဲ့နှစ်ဆ တိုးမြှင့်ထောက်ပေးနိုင်ဖို့အတွက်ကို စီစဉ်ဆောင်ရွက်လျက်ရှိပြီးတော့ နောင်နိုင်ငံတော်မှာ ဘဏ္ဍာငွေအဆင်ပြေလာသည်နှင့်အမျှ ထောက်ပံ့ကြေးများ တိုးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မူကြမ်း

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်၊ မွန်ကာကျောင်းကျေးရွာအုပ်စု၊ မခန်းကျေးရွာမှ ဟိုပေါ့ရွာအထိ (၁၃) မိုင်ရှည်လျားသော မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းဇော်ထွန်း(မိုင်းဖြတ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းဖြတ်မြို့နယ်ဟာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မြို့တော် ဖြစ်တဲ့ ကျိုင်းတုံနဲ့ ဖွံ့ဖြိုးတိုးတက်နေတဲ့ နယ်စပ်ဒေသမြို့ဖြစ်တဲ့ တာချီလိတ်မြို့ကြားမှာရှိတဲ့ မြို့တစ်မြို့ ဖြစ်သော်လည်းပဲ အစစအရာရာ ဖွံ့ဖြိုးမှုနောက်ကျနေခဲ့ပါတယ်။ မိုင်းဖြတ်မြို့နယ်ရဲ့ အကျယ်အဝန်း ဟာ ၇၉၆.၈၃ စတုရန်းမိုင်ရှိပြီး မြို့ပေါ်ရပ်ကွက် သုံးခု၊ ကျေးရွာအုပ်စု ၂၁ စု၊ ကျေးရွာပေါင်း ၁၂၉ ရွာ ရှိပြီး မြေပြန့်ဒေသမှာ ရပ်ကွက် သုံးခု၊ ကျေးရွာအုပ်စုခြောက်စုနှင့် ကျေးရွာ ၃၃ ရွာ၊ တောင်ပေါ် ဒေသမှာတော့ ကျေးရွာအုပ်စု ၁၅ စု၊ ကျေးရွာ ၉၆ ရွာရှိပြီး သွားရေးလာရေးအလွန်ခက်ခဲတဲ့ ဒေသ ဖြစ်ကြောင်း အားလုံးအသိပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ် မွန်ကာကျောင်းအုပ်စုကျေးရွာနေ တိုင်းရင်းသားမိဘပြည်သူများနဲ့ ရပ်မိရပ်ဖများမှ ၎င်းတို့ဒေသအတွက် အမှန်တစ်ကယ်လိုအပ်နေတဲ့ (၁၃)မိုင်ရှည်လျားတဲ့ မြေသားလမ်းဖောက်လုပ်ပေးဖို့ တင်ပြလာခဲ့ပါတယ်။ ယခုအခါမှာ ၎င်းဒေသဟာ နွေရာသီ၌ပင် ဆိုင်ကယ်နဲ့သာ သွားလာနိုင်ပြီးတော့မှ မိုးရာသီမှာတော့ ခြေကျင်သာသွားရောက်နိုင်တဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးများ အစစအရာရာ နှောင့်နှေးနေပါတယ်။ အဆိုပါ မြေသားလမ်းဖောက်လုပ်ပေးပါက မခန်းသစ်ရွာ၊ ဟာဝိုင်း (၁)၊ (၂)၊ (၃) ရွာနဲ့ မာစန်းတင်ရွာ၊ ဟိုပေါ့ (၁)၊ (၂) ရွာ စုစုပေါင်း ရွာပေါင်း ခုနစ်ရွာ အကျိုးပြုသွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်

မြို့နယ် မွန်ကာကျောင်းအုပ်စု၊ မခန်းကျေးရွာမှ ဟိုပေါ့ကျေးရွာအထိ ၁၃ မိုင်ရှည်လျားတဲ့ မြေသားလမ်းဖောက်လုပ်ပေးပါက ကျေးရွာပေါင်း ခုနစ်ရွာမှာရှိတဲ့ တိုင်းရင်းသားမိဘပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုမှာဖြစ်တဲ့အတွက် လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်၊ မွန်ကာကျောင်းကျေးရွာအုပ်စု၊ မခန်းကျေးရွာမှ ဟိုပေါ့ကျေးရွာအထိ (၁၃) မိုင်ရှည်လျားတဲ့ မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်မှာ စတင်ဖောက်လုပ်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည် နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်းရဲ့ မေးခွန်း နှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖြစ်တဲ့ ကျွန်တော် ဒေါက်တာအောင်သူမှ ဖြေကြားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလင်းဇော်ထွန်းမှ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးမှာ စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများကို ကွင်းဆင်းစစ်ဆေးမေးမြန်းပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းမြတ်မြို့နယ်၊ မွန်ကာကျောင်း ကျေးရွာအုပ်စု၊ မခန်းရွာမှ ဟိုပေါ့ရွာအထိ ကျေးရွာချင်းဆက်လမ်း အရှည် ၁၅ မိုင်ရဲ့ လက်ရှိအခြေအနေမှာ ဆိုင်ကယ်များ သွားလာနိုင်သည့် တောင်ပတ်လမ်းဖြစ်ပြီး ကျေးရွာခြောက်ရွာ၊ အိမ်ခြေ ၁၂၂ အိမ်ရှိပြီး လူဦးရေပေါင်း ၅၈၂ ဦးတို့ကို အကျိုးပြုတယ်လို့ သိရပါတယ်။ အဆိုပါလမ်းကို ၁၈ ပေအကျယ် မြေသားလမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပါက စုစုပေါင်း ငွေကျပ် ၃၃၃.၇၅ သန်း ကုန်ကျမှာဖြစ်ပါတယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေနဲ့ ဘတ်ဂျက်လျာထား ဆောင်ရွက်တဲ့နေရာမှာ ပြည်နယ်/တိုင်းဒေသကြီး များအတွင်းရှိ လူဦးရေ

အချိုးအစားအရ လျာထားပေးတဲ့အပြင် ပြည်နယ်/တိုင်းဒေသကြီးများ အတွင်းမှာရှိတဲ့ မြို့နယ်များအားလုံးကို ပါဝင်လျာထားပေးရပါတယ်။ ဒါ့အပြင် ကျေးရွာများရဲ့ လိုအပ် ချက်များအား မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်/တိုင်းဒေသကြီးများမှတစ်ဆင့် ထောက်ခံတင်ပြလာမှုများ အပေါ် ဦးစားပေး အစီအစဉ်အတိုင်း ရွေးချယ်လျာထားပေးပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်းပေါင်း ၇၈၂၀.၂၈၁ သန်းနဲ့ ကတ္တရာလမ်း ၁၀ မိုင် ၂ ဖာလုံ၊ ကျောက်ချောလမ်း ၆၄ မိုင် ၂ ဖာလုံ၊ မြေသားလမ်း ၅၄ မိုင် ၆ ဖာလုံ၊ ကွန်ကရစ်တံတား ၈၄၄ ပေ၊ သစ်သားတံတား ၈၁၀ ပေနှင့် ရေပြွန် ၂၀၀ ပေတို့ကို ဆောင်ရွက်ပေးရန် လျာထားပါတယ်။ မိုင်းဖြတ်မြို့နယ်အတွက်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှ ကျပ်သန်းပေါင်း ၂၀၁.၅ သန်းနဲ့ ဝမ်မိုင်-ပါပူးလမ်း၊ မိုင်းဖြတ်-ပါထွန်လမ်းနှင့် ယောင်ဟင်-နမ့်ကုန်းလမ်း စုစုပေါင်း ကျောက်ချောလမ်း ၂ မိုင် ၄ ဖာလုံကို ဆောင်ရွက်ပေးရန် လျာထားပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ၂၀၁၃ ခုနှစ်မှစပြီး အတိုင်းအတာပမာဏ များစွာဆောင်ရွက်ခဲ့သော်လည်း ကျေးလက်ဒေသများမှာ လိုအပ်ချက်များစွာရှိပါတယ်။ မြို့နယ်များမှ အဆင့်ဆင့်တင်ပြလာတဲ့ လုပ်ငန်းများကို ဦးစားပေး ရွေးချယ်တဲ့နေရာမှာ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ဒေသကိုယ်စားလှယ်များ၊ အထောက်အကူပြုကော်မတီများ၊ ဒေသခံပြည်သူများရဲ့ လိုအပ်ချက်များအပေါ်မှာ ကြည့်ပြီးတော့ အမှန်တကယ်လိုအပ်ချက်များ ရှိသော်လည်းပဲ မတူကွဲပြားမှုများကို တွေ့ကြုံရပါတယ်။ ဒါ့အပြင် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်တဲ့နေရာမှာ သက်ဆိုင်သူအဖွဲ့အစည်းများအားလုံး ပါဝင်ဆွေးနွေးရန် ခက်ခဲမှုဖြစ်သကဲ့သို့ ဦးစားပေးသတ်မှတ်တဲ့နေရာမှာလည်း အခက်အခဲရှိတာ တွေ့ရပါတယ်။ မိမိတို့အစိုးရလက်ထက်မှာ အဆိုပါအခက်အခဲများကို နည်းနိုင်သမျှနည်းအောင် စီမံကိန်းများရေးဆွဲပြီး သက်ဆိုင်သူ အဖွဲ့အစည်းများအားလုံး ပါဝင်ဆွေးနွေးရွေးချယ်နိုင်ရေး တတ်နိုင်သမျှ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ခွင့်ပြုရန်ပုံငွေ ဘောင်အတွင်းမှာ ဦးစားပေးလုပ်ငန်းများကို လျာထားဆောင်ရွက်ရခြင်းဖြစ်တဲ့အတွက် လျာထားတင်ပြပေးတဲ့ လုပ်ငန်းများကို တစ်နှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်းပဲ နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားဆောင်ရွက်ပေးသွားနိုင်မည်လို့ ယုံကြည်ပါတယ်။

မူကြမ်း

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်၊ မွန်ကာကျောင်းကျေးရွာအုပ်စု မခန်းရွာမှ ဟိုပေါ့ရွာအထိ ကျေးရွာချင်းဆက်လမ်း ၁၅ မိုင် မြေသားလမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိတဲ့အတွက် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်းပဲ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုချက်ရရှိရေး လျာထားတင်ပြပေးသွားမှာဖြစ်တဲ့အကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် ဆည်ပေါင်းမည်မျှရှိပါသနည်း၊ ၎င်းတို့အနက်မှ အကျိုးမပြုတော့သော ဆည်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် မည်မျှရှိ၍ မည်သည်တို့ဖြစ်ပါသနည်း၊ ၎င်းဆည်များသည် မည်သည့်အကြောင်းအရင်းများကြောင့် အကျိုးမပြုဆည်များဖြစ်နေပါသနည်း၊ ယင်းဆည်များကို ပြန်လည်၍ အကျိုးပြုဆည်များဖြစ်အောင် လုပ်ဆောင်ရန် နည်းလမ်းများရှိပါသလား၊ နည်းလမ်းများရှိပါက မည်သည့်နည်းလမ်းများဖြစ်ပါသနည်း၊ နည်းလမ်းများမရှိပါက အဘယ်ကြောင့်တို့ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရွှေဘိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေဇင်လတ် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီကနေ့မှာ လွန်ခဲ့တဲ့တစ်လကပေးပို့ခဲ့တဲ့ ဆည်များနှင့်စပ်လျဉ်းတဲ့ မေးခွန်းတချို့ကို အပြုသဘောဆောင်လို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီလို မေးမြန်းရတဲ့ ကျွန်မရဲ့ရည်ရွယ်ချက်ဟာ မေးခွန်းများနှင့်ထပ်တူနီးပါးပဲ အရေးပါလှတာမို့လို့ ပထမဦးဆုံးပြောပါရစေရှင့်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့တိုင်းပြည်တစ်ခုဖြစ်ပါတယ်။ စိုက်ပျိုးရေးကို အခြေခံလို့ပဲ ဒီစိုက်ပျိုးရေရရှိစေတဲ့ ဆည်မြောင်းတာတမံတွေတည်ဆောက်ခြင်းဟာလည်း အရေးပါသောလုပ်ငန်းတစ်ရပ်ပင် ဖြစ်ခဲ့ပါတယ်။ အရေးပါတဲ့အလျောက်လည်း ပြီးခဲ့တဲ့ကာလတွေမှာ တိုင်းပြည်ဘဏ္ဍာငွေ ကျပ်သန်းပေါင်းမြောက်မြားစွာကိုသုံးလို့ ဆည်ပေါင်းမြောက်များစွာကိုလည်း တည်ဆောက်ခဲ့ကြပါတယ်။ ဒါပေမဲ့ ကာလအတန်ငယ်ရွေ့လျားလာပြီးနောက် ဒီအချိန်ရောက်လာတဲ့အခါမှာ တချို့ဆည်တွေသာ ပြည်သူကိုအကျိုးပြုနေပြီး တချို့ဆည်တွေကတော့ ပြည်သူ့အကျိုးကိုမသယ်ပိုးနိုင်ဘဲ အကျိုးမပြုဆည်များ သို့မဟုတ် တိမ်ကောဆည်

များ၊ သို့တည်းမဟုတ် အမည်ခံဆည်များသာဖြစ်နေတာကို ကျွန်မတို့တွေ့မြင်ရပါတယ်။ သို့ပါ၍ ပြည်သူ့ဘဏ္ဍာငွေမြောက်မြားစွာကို အသုံးပြုလုပ်ကိုင်ခဲ့ပြီး တချို့နေရာများတွင် ပြည်သူတို့၏လုပ်အား များပင်ပါဝင်ခဲ့သော လုပ်ငန်းတစ်ရပ်၏အကျိုးရလဒ်ကို ယနေ့အချိန်အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာန အနေဖြင့် ပညာရပ်ဆိုင်ရာရှုထောင့်အပါအဝင် ဘက်ပေါင်းစုံမှနေ၍ ပွင့်ပွင့်လင်းလင်း၊ ပြည့်ပြည့်စုံစုံ ပြန်လည်ဆန်းစစ် ဝေဖန်သုံးသပ်စေလိုသော စိတ်စေတနာဖြင့်လည်းကောင်း၊ ယင်းလေ့လာဆန်းစစ် သုံးသပ်တွေ့ရှိချက်ကိုလည်း ဥစ္စာရှင်ဖြစ်သော ပြည်သူလူထုအား ပြန်လည်သိမြင်ကြားသိစေလိုသော စိတ်ဆန္ဒဖြင့်လည်းကောင်း ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် ပြည်သူ့ကိုယ်စား ကျွန်မကမေးမြန်းလိုသည်မှာ (၁) ကျွန်မတို့နိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ဆည်ပေါင်း မည်မျှရှိပါသနည်း၊ (၂) ၎င်းတို့အနက် အကျိုးမပြုဆည်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် မည်မျှရှိ၍ မည်သည်တို့ဖြစ်ကြပါသနည်း၊ (၃) ၎င်းဆည်များသည် မည်သည့် အကြောင်းရင်းများကြောင့် အကျိုးမပြုဆည်များဖြစ်နေရပါသနည်း၊ (၄) ယင်းအကျိုးမပြုဆည်များကို အကျိုးပြုဆည်များဖြစ်စေရန် လုပ်ဆောင်နိုင်မှုနည်းလမ်းများရှိပါသလား၊ (၅) နည်းလမ်းများရှိပါက မည်သည့်နည်းလမ်းများဖြစ်၍ နည်းလမ်းများမရှိပါလျှင်လည်း အဘယ့်ကြောင့်ပါလဲရှင်။ ကျေးဇူးတင် ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေဇင်လတ်ရဲ့ မေးခွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော်ဒေါက်တာအောင်သူမှ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ စစ်ကိုင်း တိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေဇင်လတ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်နေတဲ့ ဆည်ပေါင်းမည်မျှရှိသနည်း၊ အကျိုးမပြုတဲ့ဆည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မည်မျှရှိ သနည်း၊ ၎င်းဆည်တွေဟာ မည်သည့်အကြောင်းအရင်းများကြောင့် အကျိုးမပြုဆည်များဖြစ်နေ

သနည်း၊ ဒီဆည်တွေကို ပြန်လည်အကျိုးပြုဆည်များဖြစ်အောင် လုပ်ဆောင်ရန် နည်းလမ်းရှိပါသလား၊ ရှိလျှင်လည်း နည်းလမ်းများ မည်သည့်နည်းလမ်းတွေဖြစ်ပါသနည်း၊ မရှိပါကလည်း အဘယ်ကြောင့်တို့ကို သိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို အောက်ပါအတိုင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ဆည်၊ ကန်၊ ရေတံခါး စုစုပေါင်း ၅၈၁ ခုရှိပါတယ်။ ရေလှောင်တမံအနေဖြင့် ကယားပြည်နယ်မှာ ငါးခု၊ ကရင်ပြည်နယ်မှာ နှစ်ခု၊ ချင်းပြည်နယ်မှာ တစ်ခု၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၂၉ ခု၊ ပဲခူးတိုင်းဒေသကြီးမှာ ၃၉ ခု၊ မကွေးတိုင်းဒေသကြီးမှာ ၅၅ ခု၊ မန္တလေးတိုင်းဒေသကြီးမှာ ၄၈ ခု၊ မွန်ပြည်နယ်မှာ ခြောက်ခု၊ ရခိုင်ပြည်နယ်မှာ ၁၄ ခု၊ ရန်ကုန်တိုင်းဒေသကြီးမှာ ကိုးခု၊ ရှမ်းပြည်နယ်မှာ ကိုးခု၊ ဧရာဝတီတိုင်းဒေသကြီးမှာ ခြောက်ခုနှင့် နေပြည်တော်ကောင်စီတွင် ၁၂ ခု စုစုပေါင်း ရေလှောင်တမံ ၂၃၅ ခုတည်ရှိပါတယ်။ ၎င်းရေလှောင်တမံများအနက်မှ ယခုနှစ်တွင် စိုက်ပျိုးရေပေးဝေခြင်း၊ ရေဘေးကာကွယ်ခြင်း၊ ရေအားလျှပ်စစ်ဓာတ်ထုတ်လုပ်ခြင်းနှင့် သောက်သုံးရေပေးဝေခြင်း စသည်များ အကျိုးပြုလျက်ရှိတဲ့ ရေလှောင်တမံ စုစုပေါင်း ၁၉၀ ခုရှိပါသည်။ အဆိုပါ ရေလှောင်တမံများကတော့ ကယားပြည်နယ်မှာ ငါးခု၊ ကရင်ပြည်နယ်မှာ နှစ်ခု၊ ချင်းပြည်နယ်မှာ တစ်ခု၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၂၀ ခု၊ ပဲခူးတိုင်းဒေသကြီးမှာ ၃၉ ခု၊ မကွေးတိုင်းဒေသကြီးမှာ ၂၉ ခု၊ မန္တလေးတိုင်းဒေသကြီးမှာ ၃၉ ခု၊ မွန်ပြည်နယ်မှာ ခြောက်ခု၊ ရခိုင်ပြည်နယ်မှာ ၁၄ ခု၊ ရန်ကုန်တိုင်းဒေသကြီးမှာ ကိုးခု၊ ရှမ်းပြည်နယ်မှာ ရှစ်ခု၊ ဧရာဝတီတိုင်းဒေသကြီးမှာ ခြောက်ခုနှင့် နေပြည်တော်ကောက်စီမှာ ၁၂ ခုတို့ဖြစ်ပြီး လုပ်ငန်းများကို ဦးဆောင်လျက်ရှိရာ မိုးခေါင်ရေရှားရပ်ဝန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတွေမှာ အကျိုးမပြုတဲ့ ဆည်များရှိပါတယ်။ ၂၀၁၅ ခုနှစ်မှာ မိုးရာသီ၌ မိုးရွာသွန်းမှုအလွန်နည်းပါးခြင်း၊ မိုးခေါင်ခြင်းများကြောင့် အချို့အရပ်ဒေသ တွေမှာဆိုရင် ကွင်းဆင်းစစ်ဆေးချက်အရ မိုးရေချိန်ဟာ ယမန်နှစ်များကထက် သုံးပုံတစ်ပုံသာ ဝင်ရောက်တာကို တွေ့ရပါတယ်။ ရေအနည်းငယ်သာ ဝင်ရောက်နေတဲ့အတွက် အကျိုးပြုနိုင်မှု စွမ်းအားကျဆင်းလျက်ရှိတဲ့ ရေလှောင်တမံပေါင်း ၃၅ ခုရှိပါတယ်။ အဆိုပါရေလှောင်တမံများမှာ စစ်ကိုင်းတိုင်းဒေသကြီးမှာ နှစ်ခု၊ မကွေးတိုင်းဒေသကြီးမှာ ၂၄ ခု၊ မန္တလေးတိုင်းဒေသကြီးမှာ ကိုးခု ဖြစ်ပါတယ်။ တမံရေဝပ်ဧရိယာနှင့် တမံအောက်ခြေဧရိယာများ မြေအောက်ဘူမိဗေဒ အခြေအနေများအရ သဲဆန်တဲ့ မြေအမျိုးအစားဖြစ်ပြီး ရေမနေတဲ့အတွက်လည်းကောင်း၊ ကြေမွ

မှုကြမ်း

တိုက်စားလွယ်တဲ့ ထုံးကျောက်လွှာများရဲ့သဘာဝကြောင့် ထူးပေါက်ငယ်များဖြစ်ပေါ်နေတဲ့အတွက် ရေမနေတဲ့အတွက်လည်းကောင်း၊ ရေဆင်းဧရိယာအတွင်းမှာ သစ်တောများပြုန်းတီးပြီး မြေဆီလွှာ တိုက်စားတဲ့အတွက် တမံအတွင်း သဲနုန်းပို့ချကာ ရေထိန်းသိမ်းသိုလှောင်နိုင်ခြင်းမရှိတဲ့ စတဲ့ဖြစ်ရပ် များကြောင့် အကျိုးပြုစွမ်းအား ကျဆင်းသွားတဲ့ရေလှောင်တမံပေါင်းကတော့ ၁၀ ခုရှိပါတယ်။ အဆိုပါရေလှောင်တမံများကတော့ စစ်ကိုင်းတိုင်းဒေသကြီးမှာ ခုနစ်ခု၊ မကွေးတိုင်းဒေသကြီးမှာ နှစ်ခု နှင့် ရှမ်းပြည်နယ်မှာ တစ်ခု ဖြစ်ပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေနဲ့ နိုင်ငံအဝှမ်းမှာ ဖြန့်ကြက်တည်ဆောက်ထားတဲ့ ထိန်းသိမ်းထားတဲ့ရေလှောင်တမံ ၂၃၅ ခုအနက် ရေဝင်ရောက်မှုကောင်းမွန်တဲ့ ရေလှောင်တမံများမှ မိုးစပါးရေပေးဝေခဲ့ပြီးနောက် ကျန်ရှိသိုလှောင်ရေ နဲ့အယ်နီညိုရာသီဥတုဖြစ်စဉ်ရဲ့ သက်ရောက်မှုကြောင့် ဖြစ်ပေါ်လျက်ရှိတဲ့ နွေစပါးစိုက်ပျိုးရေနှင့် ဒေသသောက်သုံးရေ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရေဝင်ရောက်မှုနည်းပါးတဲ့ ရေလှောင်တမံများမှလည်း ဒေသတွင်းသောက်သုံးရေပေးဝေ လျက်ရှိသည့်အပြင် တမံရေဝပ်ဧရိယာအတွင်းမှာ စိုက်ပျိုးရန်ဆန္ဒရှိတဲ့တောင်သူများကို သိုလှောင် ထားတဲ့ ရေပြင်ဧရိယာအနီးပတ်ဝန်းကျင်မှာ စိုက်ပျိုးနိုင်ရန် ယာယီအစီအမံများ ခွင့်ပြုကာ စိုက်ပျိုး လုပ်ကိုင်စေလျက်ရှိပါတယ်။ တမံရေသိုလှောင်မှုကို မထိခိုက်နိုင်တဲ့ ရေဝင်ချောင်းအဝနေရာမျိုးမှာ ရေစုကန်ငယ်လေးများ တူးဖော်ပြီး စီးဝင်လာသမျှရေများကို စုစည်းအသုံးပြုနိုင်ရန်လည်းပဲ လက်ရှိ အခြေအနေမှာ စီမံဆောင်ရွက်ဖို့ လမ်းညွှန်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ရေစိမ့်ထွက်ခြင်း၊ နုန်းပို့ချခြင်းများ ကြောင့် ဝင်ရေအားထိန်းသိမ်းသိုလှောင်ထားနိုင်ခြင်းမရှိတဲ့ ရေလှောင်တမံများနှင့် ပတ်သက်ပြီးတော့ လိုအပ်တဲ့အသေးစိတ် စူးစမ်းလေ့လာတိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရရှိလာတဲ့ အချက်တွေအပေါ်မှာ မူတည်ပြီးတော့ ဘိလပ်မြေ သရွတ်မှုတ်သွင်းခြင်း၊ ရွှံ့စေးမြေသားဖြင့် ရေလုံးလွှာခင်းခြင်း၊ သဲနုန်းတူးဖော်ဖယ်ရှားခြင်း စတဲ့လုပ်ငန်းများကို ရန်ပုံငွေရရှိမှုအပေါ်အခြေခံပြီး ဦးစားပေး အစီအစဉ်များချမှတ်ကာ လိုအပ်သည့်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဖွဲ့စည်းရေးကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

**ဦးတီခွန်မြတ်(ဒုတိယဥက္ကဋ္ဌ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့ တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး ပြဋ္ဌာန်းချက်များကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏လုပ်ငန်းတာဝန်ဆောင်ရွက်မှု အခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းကာလအတွင်း လိုအပ် ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

ကော်မတီသည်-

(က) တရားစီရင်ရေးနှင့် ဥပဒေရေးရာလုပ်ငန်းများ မှန်ကန်မှု၊ တရားမျှတမှုရှိစေရေးအတွက် ကူညီဆောင်ရွက်ရမည်။

(ခ) ဥပဒေနှင့်အညီ တရားစီရင်ရေး တရားရုံးအဆင့်ဆင့်တွင် သက်ဆိုင်သူများ၏ ရပိုင်ခွင့်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို နိုင်ငံသားတိုင်း ခံစားနိုင်ရေးအတွက် အားပေးကူညီရမည်။

(ဃ) နိုင်ငံ့ဝန်ထမ်းများ၏အခွင့်အရေးများ မှန်ကန်စွာရရှိရေးအတွက် စိစစ်ကူညီဆောင်ရွက်ရမည်။

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာန/အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန် တွေ့ရှိပါက လွှတ်တော်သို့ တင်ပြရမည်။

(စ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက အခါအားလျော်စွာထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း/စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သော ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ဆ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာန/အဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ အစီရင်ခံတင်ပြရပါမည်။

(ဇ) ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သောအကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

မူကြမ်း

(ဈ) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော် လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။

(ည) ကော်မတီအစည်းအဝေးမှတ်တမ်းများတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်း များကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်း အဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထား နိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ကျင်းပရမည်။ ကော်မတီ၏ အစီရင်ခံစာတင်ပြချက်နှင့်စပ်လျဉ်း၍-

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ် ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များ ပါရှိပါက ထိုသဘောကွဲလွဲချက်များ ကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကိုတင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင် တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

ကော်မတီဝင်များသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးအပ်ချက်အရ ခရီးသွားလာရာ၌ လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့် အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်း မှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့လွှတ်တော်ရေးရာကော်မတီများဟာ လွှတ်တော်ကြီးကိုယ်စား လွှတ်တော်ရဲ့လုပ်ငန်းတာဝန်များ ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ လွှတ်တော်အငယ်များဖြစ်ပါတယ်။ မိမိတို့ လွှတ်တော်ရဲ့ ဂုဏ်ရည်ဂုဏ်သွေးနဲ့ သိက္ခာမြင့်မားဖို့ လွှတ်တော်ရေးရာကော်မတီများအနေနဲ့ အမြဲ ကြိုးစားနေရမှာဖြစ်ပါတယ်။ ရေးရာကော်မတီများရဲ့အရည်အသွေးမြင့်မားလာလျှင် ပြည်သူရဲ့ လိုအင်

ဆန္ဒများကို ပိုမိုဖော်ဆောင်ဖြည့်စွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ လွှတ်တော်ရေးရာကော်မတီများဟာ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို တိတိကျကျလိုက်နာဆောင်ရွက်ပြီး တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြပါစို့လို့ အလေးအနက်ထားတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီတွင် ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီမှာ ပါဝင်ရန်လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနဲ့ ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းရန် လျာထားတဲ့ကိုယ်စားလှယ်များ ကတော့-

| | | |
|---|---|---|
| (၁) | ဦးခင်မောင်ဝင်း | လမ်းမတော်မဲဆန္ဒနယ် |
| (၂) | ဦးဝင်းဝင်း | မင်းဘူးမဲဆန္ဒနယ် |
| (၃) | ဦးကျော်ငွေ | လေရှီးမဲဆန္ဒနယ် |
| (၄) | ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး | ဗိုလ်တထောင်မဲဆန္ဒနယ် |
| (၅) | ဒေါ်ခင်စန္ဒီ | လောင်းလုံးမဲဆန္ဒနယ် |
| (၆) | ဦးချင်းဖေလင်း | မံစီမဲဆန္ဒနယ် |
| (၇) | ဦးတင်နု(ခေါ်)ဦးတင်နုအောင် | မာန်အောင်မဲဆန္ဒနယ် |
| (၈) | ဒေါ်အေးမြမြမျိုး | ကျောက်တန်းမဲဆန္ဒနယ် |
| (၉) | ဒေါ်စိုးနွယ်အေး | တံတားဦးမဲဆန္ဒနယ် |
| (၁၀) | ဒေါက်တာအေးကြူ | လပွတ္တာမဲဆန္ဒနယ် |
| (၁၁) | ဦးလှသန်း | ကဝမဲဆန္ဒနယ် |

မူကြမ်း

(၁၂) ဦးအေးမောင် ဘောလခဲမဲဆန္ဒနယ်

(၁၃) ဦးမောင်သိန်းခိုင် စစ်တွေမဲဆန္ဒနယ်

(၁၄) ဦးအောင်တင်လင်း နတ်မောက်မဲဆန္ဒနယ် နှင့်

(၁၅) ဒုတိယဗိုလ်မှူးကြီးညီညီလွင် တပ်မတော်သားကိုယ်စားလှယ်

တို့ဖြစ်ပါတယ်။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ဝင်း၊ လမ်းမတော်မဲဆန္ဒနယ်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးအောင်တင်လင်း၊ နတ်မောက်မဲဆန္ဒနယ်အားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

**ပြည်သူ့လွှတ်တော် ကော်မတီအဖွဲ့ဝင် ပြောင်းလဲထည့်သွင်းဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသော ကော်မတီများမှ ကော်မတီအဖွဲ့ဝင် ပြောင်းလဲထည့်သွင်းဖွဲ့စည်းခြင်းကို ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။ ဥပဒေကြမ်းကော်မတီမှ အဖွဲ့ဝင် ဦးခင်မောင်ဝင်း၊ လမ်းမတော်မဲဆန္ဒနယ်အစား ဦးနေမျိုးထွန်း၊ ထန်းတပင်မဲဆန္ဒနယ်အား ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်အဖြစ် ပြောင်းလဲထည့်သွင်းဖွဲ့စည်းမှာ ဖြစ်ပါ တယ်။ တင်ပြခဲ့တဲ့ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်တစ်ဦး ပြောင်းလဲထည့်သွင်းဖွဲ့စည်းခြင်းကို အတည် ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ပြောင်းလဲထည့်သွင်းဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း ကို ၁၆-၅-၂၀၁၆ ရက်နေ့မှာ လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူ ကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေ ကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာ တင်သွင်းရန် ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဝေလှိုင်ထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် တစ်ဦးလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ပြည်သူ့ကောင်စီ ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို တင်သွင်းမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၆-၁၁၀

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ မေ လ ၁၆ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

**မူကြမ်း**

| | |
|---|---|
| အကြောင်းအရာ။ | **ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း** |
| ရည်ညွှန်းချက် ။ | အမျိုးသားလွှတ်တော်၏ ၁၁-၅-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/ ၂၀၁၆- ၉၃ |

၁။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်း(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)က တင်သွင်းသော ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂-၅-၂၀၁၆ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၁-၅-၂၀၁၆ ရက်နေ့တွင် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်မရှိအတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ဤဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ရေးဆွဲတင်ပြလာခြင်း ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) မူလဥပဒေသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းခဲ့ခြင်း၊

(ခ) ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိခြင်း၊

(ဂ) နိုင်ငံတော်၏အုပ်ချုပ်ရေးစနစ် အဆင့်ဆင့် ပြောင်းလဲလာခြင်း၊

(ဃ) ပါတီစုံဒီမိုကရေစီစနစ်သို့ ပြောင်းလဲကျင့်သုံးနေပြီဖြစ်ခြင်း၊

(င) ခေတ်ကာလ အခြေအနေနှင့် လိုက်လျောညီထွေမှု မရှိခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၃-၅-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့်အတူအစည်းအဝေးကျင်းပခဲ့ပြီး ဤရုပ်သိမ်းသည့်ဥပဒေကြမ်းကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့

လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ ပြည်သူ့ကောင်စီဥပဒေသည် -

(က) ယနေ့ခေတ်ကာလတွင် နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးမပြု နိုင်ခြင်း၊

(ခ) ပြောင်းလဲလာသော ခေတ်ကာလအခြေအနေနှင့် ဆီလျော်မှုမရှိခြင်း၊

(ဂ) အချိန်ကာလ ကြာမြင့်စွာ ကျင့်သုံးမှုမရှိခြင်း၊

(ဃ) နောင်လာမည့် အနာဂတ်ကာလတွင်လည်း ကျင့်သုံးရန်အကြောင်း မရှိခြင်း တို့ကြောင့် ယခုကဲ့သို့ ရုပ်သိမ်းသည့်ဥပဒေကို သီးခြားပြဋ္ဌာန်း၍ ရုပ်သိမ်းခြင်းဖြစ်ကြောင်း စိစစ်လေ့လာ တွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၃-၅-၂၀၁၆ ရက် (တနင်္လာနေ့)နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော နိုင်ငံတော်ကောင်စီ ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းအသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ၁၆-၅-၂၀၁၆ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း

ပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဌေးငွေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးငွေဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို တင်ပြသွားမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၆-၁၁၁

ရက်စွဲ ၊ ၂ ၀ ၁ ၆ ခုနှစ်၊ မေ လ ၁ ၆ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

**မူကြမ်း**

အကြောင်းအရာ။ **နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည်ညွှန်းချက် ။ အမျိုးသားလွှတ်တော်၏ ၁၁-၅-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/၂၀၁၆-၉၄

၁။ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)က တင်သွင်းသော နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ၃-၅-၂၀၁၆ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၁-၅-၂၀၁၆ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်မရှိအတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ဤဥပဒေကြမ်းကိုအောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) မူလဥပဒေသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရပြဋ္ဌာန်းခဲ့ခြင်း၊

(ခ) ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိခြင်း၊

(ဂ) နိုင်ငံတော်၏ အုပ်ချုပ်ရေးစနစ်အဆင့်ဆင့် ပြောင်းလဲလာခြင်း၊

(ဃ) ပါတီစုံဒီမိုကရေစီစနစ်သို့ ပြောင်းလဲကျင့်သုံးနေပြီဖြစ်ခြင်းနှင့်

(င) ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှုမရှိခြင်း တို့ တွေ့ရှိရပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၃-၅-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့်အတူ အစည်းအဝေးကျင်းပခဲ့ပြီး ဤရုပ်သိမ်းသည့်ဥပဒေကြမ်းကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ နိုင်ငံတော်ကောင်စီဥပဒေသည် -

(က) ယနေ့ခေတ်ကာလတွင် နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးမပြု နိုင်ခြင်း၊

( ခ) ပြောင်းလဲလာသောခေတ်ကာလအခြေအနေနှင့် ဆီလျော်မှုမရှိခြင်း၊

( ဂ) အချိန်ကာလကြာမြင့်စွာကျင့်သုံးမှုမရှိခြင်း၊

(ဃ) နောင်လာမည့် အနာဂတ်ကာလမှာလည်း ကျင့်သုံးရန်အကြောင်းမရှိခြင်းတို့ ကြောင့် ယခုကဲ့သို့ ရုပ်သိမ်းသည့်ဥပဒေကို သီးခြားပြဋ္ဌာန်း၍ ရုပ်သိမ်းခြင်းဖြစ်ကြောင်း စိစစ်လေ့လာ တွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်း သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လို သည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၃-၅-၂၀၁၆ ရက် (တနင်္လာနေ့)နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**မှူကြမ်း**

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၁၀း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]